


Story by: Vivian Tan

# ဒုက္ခသည်စခန်းမှသည် ရွှေမြို့တော်ဆီသို့. . . . .
# ရန်ကုန်လူနေမှုဘဝနှင့်ရင်ဆိုင်လုံးပမ်းနေသော နေရပ်ပြန်မြန်မာများ

*ထိုင်းနိုင်ငံမှ နေရပ်သို့ ပြန်လည်အခြေချနေထိုင်ပြီးနောက် ၆ လကြာသောအခါ နေရပ်ပြန်မိသားစုတစ်စုသည် ၎င်းတို့ ထွက်ခွာလာခဲ့သည့် ယခင်စခန်းတွင်းဘဝအခြေအနေများအပေါ် ပြန်လည်ဆန်းစစ်သုံးသပ်ခဲ့ကြပြီး မြန်မာနိုင်ငံထဲရှိ ၎င်းတို့၏အနာဂတ်ကို ရင်ဆိုင်ဖြေရှင်းရန် ပြင်ဆင်နေကြသည်။*

ရန်ကုန်၊ မြန်မာ - လွန်ခဲ့သော အောက်တိုဘာလ၌ သန့်ဇင်မောင်မှ နေရပ်သို့ပြန်ရန် ဆုံးဖြတ်ချက်ချပြီးသောအခါ သူ၏ကလေးများကို ၎င်းမှ ဝအောင်ဆော့ကစားထားကြရန် ပြောခဲ့သည်။

"သားတို့ကစားနိုင်သလောက် များများသာ ကစားထားကြ၊ ပြန်ရင် သားတို့များများဆော့နိုင်တော့မှာ မဟုတ်ဘူး" ဟု ထိုင်းနိုင်ငံ၊ နို့ဖိုးဒုက္ခသည်စခန်းတွင် ၎င်းတို့ပိုင်ဆိုင်သည့် ပစ္စည်းများကို ထုတ်ပိုးနေစဉ်အတွင်း ၎င်းက ရယ်မောစရာ ပြောခဲ့ခြင်းဖြစ်သည်။ ၎င်းတို့မိသားစုသည် စခန်းတွင် ( ၁၀) နှစ်ကျော်ကြာ နေထိုင်ခဲ့သည်။

သူ၏သားများဖြစ်သူ ခန့်မင်းနှင့်ခန့်လင်းအား စခန်းထဲမှာပင် မွေးဖွားခဲ့သည်။ သူတို့သိထားသည်မှာ စခန်းသည် သူတို့အတွက် မွေးရပ်မြေပင်ဖြစ်သည်။ တကျွတ်ကျွတ်မြည်နေသော ဝါးတဲပေါ်တွင် အိပ်စက်ရသည်ကို သူတို့မမှုသလို အပြင်ဘက်အများသုံး အုတ်ကန်တွင် ရေချိုးရသည်ကိုလည်း သူတို့မမှုပေ၊ ဤနေရာသည် သူတို့အတွက် ၎င်းတို့နှင့်အတူကြီးပြင်းလာသည့် အခြားသောဒုက္ခသည်ကလေးများနှင့်အတူ လွတ်လပ်စွာ လှည့်လည်သွားလာ ဆော့ကစားနိုင်သည့် နေရာတစ်ခုပင်ဖြစ်သည်။

သို့သော်လည်း သန့်ဇင်မောင်တွင် အခြားသောဦးစားပေးရမည့်အရာများ ရှိနေခဲ့သည်။ "ကျွန်တော့်ကလေးတွေ အနာဂတ်အတွက်၊ ကျွန်တော့်ဇနီး ကျန်းမာရေးအတွက် ကျွန်တော် နေရပ်ပြန်ချင်တာ အတော်ကြာပါပြီ "ဟု သူကပြောခဲ့သည်၊ သူ၏ဇနီးဖြစ်သူ တပြည်စိုးမှာ ဆေးပညာဆိုင်ရာ ရောဂါအဖြေရှာမရသည့်ပြဿနာကြောင့် လမ်းမလျှောက်နိုင်သည့်ဝေဒနာ ခံစားနေရကြောင်း သူကရှင်းပြသည်။

ယမန်နှစ် အောက်တိုဘာလတွင် မိသားစုသည် မြန်မာနိုင်ငံသို့ ဆန္ဒအလျောက်နေရပ်ပြန်မည့် ပထမဦးဆုံးအသုတ်တွင် ပါဝင်ရန် ရွေးချယ်လိုက်သည်။ နို့ဖိုးနှင့် ထမ်းဟင်စခန်းမှ စုစုပေါင်း ဒုက္ခသည်( ၇၁) ဦးသည် နှစ်ဖက်အစိုးရ ၊ UN ဒုက္ခသည်အဖွဲ့အစည်းဖြစ်သော UNHCR နှင့် ၎င်းတို့၏အခြားသောလုပ်ဖော်ကိုင်ဖက်အဖွဲ့အစည်းများ၏ ပံ့ပိုးကူညီပေးမှုဖြင့် နေရပ်သို့ပြန်လည်အခြေချခဲ့သည်။ အများစုမှာ ထိုင်းနိုင်ငံ၏အိမ်နီးချင်းဖြစ်သော ကရင်ပြည်နယ်သို့ပြန်သွားခဲ့ကြပြီး အရေအတွက်အနည်းစုမှာ တနင်္သာရီ၊ ပဲခူး၊ မွန်နှင့် ရန်ကုန်သို့ ပြန်သွားခဲ့ကြသည်။

ခြောက်လကြာပြီးနောက် သန့်ဇင်မောင်မိသားစုသည် စီးပွားရေးမြို့တော်ဖြစ်သော ရန်ကုန်မြို့ရှိ ၎င်း၏ညီမဖြစ်သူ တိုက်ခန်းတွင် အခြေချနေထိုင်လျှက်ရှိသည်။ သားနှစ်ဦးဖြစ်သူမှာ အိမ်အနီးအနားရှိ စာသင်ကျောင်း၌ ကျောင်းမတက်ရသည့်အချိန်များတွင် ၎င်းတို့၏အချိန်များကို တတိယထပ်တွင်ရှိသော အခန်းထဲတွင်သာ ပရိဘောဂများအပေါ် ခုန်ပြန်ကျော်လွှားခြင်းနှင့် ဂေါ်လီလုံးများလိမ့်ကစားခြင်းဖြင့် ကုန်ဆုံးနေကြသည်။

"ကျွန်တော် စခန်းကို အောက်မေ့တယ်" ဟု အသက်( ၇) နှစ်ရှိသူ ခန့်မင်းက ဆိုသည်။ " ဒီမှာ သူငယ်ချင်းနည်းနည်းပဲရှိတယ်၊ အဖေကလဲ ကျွန်တော့်ကို အပြင်မှာ မကစားခိုင်းဘူး။ အိမ်ထဲမှာ ကစားရတာ ပျင်းဖို့ကောင်းတယ်။"

ကလေးများအနေဖြင့် သက်တူရွယ်တူများနှင့် ပေါင်းသင်းဝင်ဆံ့နိုင်ရန်အတွက် လုံးပန်းနေရကြောင်းကို ၎င်းတို့၏ဖခင်ဖြစ်သူက နားလည်သဘောပေါက်သည်။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့ပြောဟန်ဆိုဟန်မှာ အများနှင့်မတူ ကွဲပြားမှုရှိပြီး ကာတွန်းများ၊ မုန့်ပဲသရေစာများစသည်တို့ကဲ့သို့ ဒေသခံလူများကျွမ်းဝင်နေသော အလေ့အထများနှင့် ရင်းနှီးကျွမ်းဝင်မှုမရှိပေ။ "ကျွန်တော်တို့ကတော့ ကလေးတွေကို အဆင်ပြေသွားမှာပါ၊ သူငယ်ချင်းတွေလည်း မကြာခင်ရလာတော့မှာပါလို့ သူတို့ကို အမြဲရှင်းပြနေပါတယ်" ဟု သူကပြောသည်။



အသက်( ၄၈) နှစ်ရှိပြီဖြစ်သော သန့်ဇင်မောင်ကိုယ်တိုင်ကမူ အများနှင့်တသားတည်း ရှိနေပြီဖြစ်သည်။ သက်ကြီးရွယ်အိုများစောင့်ရှောက်ရေးသင်တန်းဖြစ်သော ၂ လကြာသင်တန်းကိုလည်း တက်ရောက်ပြီးစီးခဲ့ပြီဖြစ်သည်။ သူသည် အတန်းဖော်များ၊ သင်တန်းဆရာများနှင့်၊ ရထားနှင့်ပုံမှန်အသွားအပြန်လုပ်ရာတွင် တွေ့ရသောသူများအကြား အသိမိတ်ဆွေများ ရရှိခဲ့သည်။

ရန်ကုန်နေရပ်ပြန်ပထမဦးဆုံးအဖွဲ့အတွက် အစိုးရမှ တစ်ကြိမ်တစ်ခါတည်းသာစီစဉ်ပေးသော ရွှေလင်ပန်းတန်ဖိုးနည်းအိမ်ရာစီမံကိန်းသို့ မိသားစုမှ မကြာမီပြောင်းရွှေ့ရန် စီစဉ်ထားသည်။

အာဏာပိုင်များ၊ UNHCR နှင့် ၎င်းတို့၏လုပ်ဖော်ကိုင်ဖက်အဖွဲ့အစည်းများထံမှ လက်ခံရရှိသော နေရပ်ပြန်ခြင်းနှင့်ဘဝပြန်လည်ထူထောင်ရေးအတွက် ထောက်ပံ့ကြေးငွေအားတိုက်ခန်းအမတော်ကြေးပထမအရစ်အတွက် ပေးသွင်းခဲ့သည်။ ထိုမျှသာမက ဆွေမျိုးများထံမှပါ ငွေကြေးအချို့ ချေးငှားခဲ့ရသေးသည်၊ နောင်( ၁၀) နှစ်အတွက် တိုက်ခန်းအရစ်ကျ ဝယ်ယူခအဖြစ် ငွေကျပ်( ၈) သောင်း ( ဒေါ်လာ ၆၀ နီးပါး) လစဉ်ပေးသွင်းရန်လိုအပ်သည်။

"ကျွန်တော်တို့ လက်ရှိအခြေအနေနဲ့ပတ်သတ်ပြီး ကျွန်တော် ပူပန်မှုနည်းနည်းပါးပါးတော့ရှိတာပေါ့"ဟု သန့်ဇင်မောင်က ဝန်ခံသည်။ ကားလိုင်စင်ရရှိရန် ကြန့်ကြာမှုရှိခြင်းသည် သူ၏အလုပ်အကိုင်ရှာဖွေမှုအပေါ် ထိခိုက်မှုရှိခဲ့သည်။ "ဒါပေမယ့် စခန်းထဲမှာ အတတ်ပညာပိုင်းဆိုင်ရာ ကျွမ်းကျင်မှုအများအပြား ကျွန်တော်သင်ယူထားပါတယ်၊ ကျွန်တော်နဲ့ သင့်တော်တဲ့အလုပ် မကြာခင်ရလာလိမ့်မယ်လို့ ကျွန်တော်ယုံကြည်ပါတယ်။"

သူသည် အခြားသောအလုပ်အကိုင်များကို ရှာဖွေနေသော်လည်း သူ၏အဆုံးစွန်သောရည်မှန်းချက်မှာ ရွှေလင်ပန်းအိမ်ရာတွင် သက်ကြီးရွယ်အိုများအတွက် နေ့ပိုင်းစောင့်ရှောက်ရေးစင်တာတစ်ခု ဖွင့်လှစ်ရန်ဖြစ်သည်။

အခြားသောနေရပ်ပြန်မိသားစုများသည် အစပိုင်းတွင် ရုန်းကန်လှုပ်ရှားကြပြီးနောက် အဆင်ပြေလာကြသည်ကိုလည်း ၎င်း၏ဇနီးဖြစ်သူက သတိပြုမိသည်။ " တယောက်ကဆန်ရောင်းတဲ့ စီးပွားရေးလုပ်ငန်းတစ်ခု စလုပ်နေတယ် ၊ သူတို့သမီးကတော့ အလှပြင်ဆိုင်တစ်ခုမှာ လုပ်တယ်။ အခြားလူတစ်ယောက်ကတော့ ရွှေလင်ပန်းမှာ လက်သမားအလုပ် လုပ်နေတယ်။"

သူမကိုယ်တိုင်မှာမူ အခြေအနေ တိုးတက်နေပြီဖြစ်သည်။ ယခုအခါ အသက်( ၃၅) နှစ်ရှိပြီဖြစ်သောသူမသည် ဆေးကုသခံယူမှုနှင့်အတူ ခြေထောက် ပိုမို မြဲမြဲရပ်နိုင်လာပြီဖြစ်ပြီး နေထိုင်မှုအခြေအနေပိုမိုတိုးတက်ကောင်းမွန်လာသည်။ ရန်ကုန်ရှိ လေတခြမ်းဖြတ်နေသည့် သူမ၏မိခင်နှင့် ပြန်လည်ဆုံတွေ့ရခြင်းသည်လည်း သူမ၏စိတ်ဓာတ်ကို မြှင့်တင်နိုင်ခဲ့သည်။

သို့သော်ငြားလည်း စခန်းထဲတွင် အချိန်ကာလ ကြာရှည်စွာနေထိုင်လာခဲ့သောသူများအတွက် မြို့တော်တွင် လည်လည်ဝယ်ဝယ်ဖြစ်လာစေရန် အချိန်ယူရဒုံးမည်ဖြစ်သည်။



သန့်ဇင်မောင်ဇနီးမှ ယောင်းမဖြစ်သူ၏တိုက်ခန်းတွင် ခင်ပွန်းသည်နှင့်ကလေးများအတွက် ညစာပြင်ဆင်နေစဉ်

" ကျွန်မတို့စခန်းထဲမှာနေရတာ မိသားစုကြီးတစ်ခုလိုပါပဲ။ ခင်မင်ရင်းနှီးမှုရှိတဲ့ ပတ်ဝန်းကျင်ကို ကျွန်မလွမ်းတယ်" ဟု တပြည်စိုးက ပြောသည်။" ရန်ကုန်မှာ အခုဆို လူတွေ၊ ကားတွေ ပိုပိုပြီး များပြားလာတယ်။ ဒါပေမယ့် ကျွန်မတို့ အိမ်နီးနားချင်းတွေကိုတော့ တခါမှ မတွေ့ဘူး၊ သူတို့ အိမ်တံခါးတွေ အမြဲတမ်းပိတ်ထားတယ်။"

အခက်အခဲစိန်ခေါ်မှုများကို ၎င်းတို့မှ ရင်ဆိုင်ကြုံတွေ့ရသော်လည်း မြန်မာနိုင်ငံတွင် ဖြစ်ပျက်နေသော အပြောင်းအလဲများနှင့်အညီ နေသားတကျဖြစ်အောင် ကြိုးပမ်းသွားရန် ၎င်းတို့မှ စိတ်ပိုင်းဖြတ်ထားသည်။

"ရမယ်ဆိုရင် အလုပ် လေး၊ ငါး မျိုးလောက်ကျွန်တော်လုပ်မှာပါ" ဟု သန့်ဇင်မောင်ကပြောခဲ့သည်။ "နောင်လာမယ့် ငါးနှစ်အတွက် ကျွန်တော်ရည်မှန်းထားတာကတော့ အိမ်တလုံး၊ ကားတစီးပိုင်ဆိုင်နိုင်ဖို့၊ ကလေးတွေကို အဆင့်မြင့်ပညာရေးသင်ကြားပေးနိုင်ဖို့နဲ့ မိသားစုတွေ အတူတကွ ပျော်ပျော်ရွှင်ရွှင် နေသွားနိုင်ဖို့ပဲဖြစ်ပါတယ်။ ကျွန်တော်ရည်မှန်းထားတဲ့အတိုင်းပြည့်စုံလာလိမ့်မယ်လို့ ကျွန်တော် ယုံကြည်ပါတယ်။"

*ထိုင်းနိုင်ငံရှိ နယ်စပ်စခန်း( ၉) ခုတွင် မြန်မာဒုက္ခသည် ( ၁၀၂, ၀၀၀) ကျန်ရှိနေဆဲဖြစ်သည်။ ယမန်နှစ်၌ ပထမဦးဆုံးတသုတ် နေရပ်ပြန်သည့် အချိန်မှစ၍ ဆန္ဒအလျောက်နေရပ်ပြန်ခြင်းကို စိတ်ဝင်စားကြောင်းထုတ်ဖော်ပြသလာသည့် ဒုက္ခသည်များ ပိုမိုများပြားလာသည်။ ကျန်ရှိသောသူများမှာလည်း ၎င်းတို့အနာဂတ်နှင့်ပတ်သတ်၍ ရ ရှိလာသော သတင်းများအပေါ်မူတည်ပြီး ၎င်းတို့ကိုယ်တိုင် ဆုံးဖြတ်ချက် ချမှတ်နိုင်ရန်အတွက် ဤတိုးတက်မှုများကို အနီးကပ် စောင့်ကြည့်လျှက်ရှိသည်။*



မြန်မာနိုင်ငံ၏အကြီးဆုံးမြို့တော်ဖြစ်သော ရန်ကုန်မြို့တွင် မိသားစုနှင့်အတူ တိုက်ခန်းနေထိုင်မှုဘဝတွင် အံ့ခွင်ဝင်ကျဖြစ်အောင်ကြိုးစားနေသည့် ထိုင်းနိုင်ငံဒုက္ခသည်စခန်းတွင်မွေးဖွားလာသူ အသက်လေးနှစ်အရွယ်ခန့်လင်း ( လက်ဝဲပုံ) နှင့် အသက်ခုနစ်နှစ်အရွယ်ခန့်မင်း( လက်ယာပုံ)

Photos @UNHCR/H. Lat



Regional funding and funding for Thailand was also received through private donations from Italy, Japan, the Republic of Korea, Spain, Sweden, Thailand, and the United States of America.